KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

မတ်လ ၃၁ ရက်, ၂၀၂၅ ခုနှစ် / KHRG စာအမှတ်- 25-26-I1

---

# မူတြော်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - ဒွယ်လိုးမြို့နယ်တွင် မြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် ရွာသားတစ်ဦးသေဆုံး (၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ)

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း မူတြော် (ဖာပွန်) ခရိုင်၊ ဒွယ်လိုးမြို့နယ်တွင် ဖြစ်ပွားခဲ့သော မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကို ဖော်ပြထားသည်။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့၌ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ ဝ---ကျေးရွာတွင်နေထိုင်သော အသက် (၄၀) ကျော်အရွယ် ရွာသားတစ်ဦးဖြစ်သူ စောရ---သည် ဝင်ငွေရရှိရန်အတွက် အပြင်သို့ထွက်၍ကြောင်လျှာသီးများရှာဖွေနေသည့်အချိန်တွင် သဝါးခိုလိုးဒေသအတွင်းရှိ ဟ---တံတား အနီးနားတွင် မြေမြှုပ်မိုင်းတစ်လုံးပေါက်ကွဲသွား၍ ထိမှန်သေဆုံးခဲ့သည်။ စောရ---သည် ကြောင်လျှာသီးများရှာဖွေရာတွင် ၎င်း၏သားနှစ်ဦးလည်းလိုက်ပါလာပြီး လမ်းမပေါ်တွင် စောင့်နေခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် စောရ---၏မျက်နှာနှင့်ရင်အုံကို ထိမှန်၍ပြင်းထန်စွာဒဏ်ရာရရှိခဲ့ပြီး သေဆုံးသွားခဲ့သည်။ မည်သည့်လက်နက်ကိုင်တပ်ဖွဲ့က ၎င်းမြေမြှုပ်မိုင်းအား ထောင်ထားခဲ့သည်ကို မသိရှိရပါ။ ဒေသအတွင်း မြေမြှုပ်မိုင်းအန္တရာယ်ရှိကြောင်း ဒေသခံ ကရင်အမျိုးသားအစည်းအရုံး (KNU) အာဏာပိုင်များက ရွာသားများအား သတိပေးခြင်းများရှိသော်လည်း စောရ---အနေဖြင့် စားနပ်ရိက္ခာပြတ်လပ်မှုနှင့်ကြုံတွေ့ရသည့်အတွက်ကြောင့် အပြင်သို့ထွက်၍ ကြောင်လျှာသီးများ ရှာဖွေရန်လိုအပ်လာပါသည်။ ဝ---ကျေးရွာသည် SAC တပ်စခန်းအနီးနားတွင် တည်ရှိသည့်အတွက်ကြောင့် လယ်ယာလုပ်ကိုင်သူရွာသားများသည် လမ်းမအနီးရှိ လယ်ယာများသို့သွား၍ လုပ်ကိုင်စိုက်ပျိုးရန်ကြောက်ရွံ့ကြသည်။ ထို့အတွက်ကြောင့် ရွာသားများသည် စားဝတ်နေရေးအတွက် အခက်အခဲများကြုံတွေ့ရပြီး ပို၍ရုန်းကန်ကြရသည်။* [1]

---

[1] ဤအစီရင်ခံစာသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော မူတြော်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓာတ်ပုံနှင့်နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသောအချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

# အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | မြေမြှုပ်မိုင်းပေါက်ကွဲမှု (ရွာသားတစ်ဦးသေဆုံးခြင်း) |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ခရိုင်၊ မြို့နယ်၊ ကျေးရွာ အုပ်စု၊ ကျေးရွာ)** | မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ သဝါးခိုလိုးဒေသတွင်းရှိ ဟ---တံတားအနီး အ---နေရာ |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | |
|---|---|
| **အမည်** | စောရ--- |
| **အသက်** | နှစ် (၄၀) ကျော် |
| **ကျား/မ** | ကျား |
| **လူမျိုး** | ကရင် |
| **အိမ်ထောင် ရှိ/မရှိ** | ရှိ |
| **အလုပ်အကိုင်** | လယ်ယာ |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | ရွာသား |
| **နေရပ် ရွာအမည်** | မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ ဝ---ကျေးရွာ |

| **ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာဒေသ** | **အထက်အရာရှိအမည်** |
| မသိရှိရ | မသိရှိရ | မသိရှိရ | မသိရှိရ | မသိရှိရ |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
|---|
| ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ကွင်းဆင်းလုပ်သားတစ်ဦးသည် မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကိုသိရှိသည့် နော်က---အား အင်တာဗျူးခဲ့သည်။ နော်---ကသည် မြေမြှုပ်မိုင်းထိမှန်သည့်ရွာသား၏ဇနီးဖြစ်သည့်အတွက်ကြောင့် ဤဖြစ်စဉ်ကိုသိရှိရခြင်းဖြစ်သည်။ ထိုနေ့တွင် KHRG ကွင်းဆင်းလုပ်သားသည် ဝ---ကျေးရွာ၏ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ စောမ---ကိုလည်း အင်တာဗျူးခဲ့ပါသည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| စောရ---၏ဇနီးဖြစ်သူ နော်က---နှင့် ဝ---ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ စောမ---တို့က ဤသတင်းအကြောင်းအရာများကို KHRG ကွင်းဆင်းလုပ်သားအား ပြောပြ၍ အတည်ပြုခဲ့ပါသည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
|---|
| ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့ မနက် (၁၀) နာရီ၌ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ ဝ--- ကျေးရွာတွင် နေထိုင်သော အသက် (၄၀) ကျော်အရွယ်ရှိသည့်စောရ---သည် အပြင်သို့ထွက်၍ ကြောင်လျှာသီးများသွားရောက်ခူးယူရန် မာထောကျေးရွာအုပ်စု၊ သဝါးခိုလိုးဒေသရှိ ဟ---တံတားအနီး အ---နေရာတွင် ရောက်သောအခါ မြေမြှုပ်မိုင်းတစ်လုံး ပေါက်ကွဲသွားပြီး ထိမှန်ဒဏ်ရာရရှိပြီးနောက် သေဆုံးသွားခဲ့သည်။ စောရ---သည် ကြောင်လျှာသီးများကိုခူးပြီး ရောင်းရသည့်ငွေဖြင့် ဆန်ကိုဝယ်ရန်အတွက်ဖြစ်သည်။<br><br>မြေမြှုပ်မိုင်းပေါက်ကွဲသည့်နေ့တွင် စောရ---၏သားနှစ်ဦးသည် စောရ---နှင့်အတူလိုက်ပါလာပြီး စောရ---က ကြောင်လျှာသီးသွားခူးသည့်အချိန်တွင် သူ့သားနှစ်ဦးကို လမ်းပေါ်တွင် စောင့်နေခိုင်းလိုက်သည်။ (သူ့သားနှစ်ဦးသည် အသက် ၅နှစ်နှင့် ၁၁နှစ်ကြားတွင်ရှိပြီး ၎င်းတို့နာမည်များကိုမသိရှိရပါ။) စောရ---ကြောင်လျှာသီးသွားခူးသည့်နေရာသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားများအခြေစိုက်ခဲ့ဖူးသည့်ယာယီတပ်စခန်းရှိ တဲအိမ်အနီးနားတွင် တည်ရှိသည်။ (၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) စစ်သားများက အဆိုပါတပ်စခန်းကိုတိုက်ခိုက်သိမ်းပိုက်ပြီးနောက် SAC စစ်သားများ ထွက်ခွာသွားခြင်းဖြစ်သည်။)<br><br>စောရ---သည် တဲအိမ်အောက်သို့သွား၍ သေတ္တာတစ်လုံးတွေ့ရှိခဲ့သည်။ စောရ---သည် ၎င်းသေတ္တာကို ဖွင့်လိုက်သည့်အချိန်တွင် မြေမြှုပ်မိုင်းတစ်လုံးပေါက်ကွဲသွား၍ ၎င်းအားထိမှန်ခဲ့သည်။ (ထိုမြေမြှုပ်မိုင်းသည် မည်သည့်မြေမြှုပ်မိုင်းအမျိုးအစားဖြစ်ကြောင်းမသိရှိရပါ။) မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ယမ်းမှုန့်သည် စောရ---၏မျက်နှာကိုထိမှန်၍ မီးလောင်သွားပြီး မည်းနက်သွားသည်။ သူ၏ရင်အုံကိုလည်း မြေမြှုပ်မိုင်းအစထိမှန်သွားပြီး ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ ဤမြေမြှုပ်မိုင်းကို SAC ကထောင်ထားခဲ့သည်လား သို့မဟုတ် KNLA က ထောင်ထားခဲ့သည်လားဆိုတာ ရွာသားများအနေဖြင့် မသိရှိရပါ။<br><br>စောရ---၏သားနှစ်ဦးသည် မြေမြှုပ်မိုင်းပေါက်ကွဲသံကိုကြား၍ ၎င်းတို့ဖခင်မြေမြှုပ်မိုင်းထိမှန်သွားပြီး သိရှိလိုက်ရသည်။ ဖခင်ကိုအော်ခေါ်သော်လည်း ပြန်လည်ဖြေကြားခြင်းမရှိတော့ပါ။ ထို့နောက် ၎င်းတို့သည် အကြောက်တရားနှင့်ဝမ်းနည်းစွာ အိမ်သို့ပြန်လာခဲ့သည်။ ၎င်းတို့သည် အိမ်သို့ရောက်အခါ ဖခင်ဖြစ်သူ၏အကြောင်းကို ၎င်းတို့မိခင်အား မပြောပြခဲ့ပါ။ (အကြောင်းမှာ ၎င်းတို့သည် အလွန်စိတ်ထိခိုက်၍ခံစားနေရခြင်းဖြစ်သည်။) ၎င်းတို့အိမ်သည် မာထောကျေးရွာအုပ်စု၊ ဗ---ကျေးရွာရှိ စစ်ပြေးရှောင်နေရာတွင် တည်ရှိသည်။ ညနေသို့ရောက်သောအခါ မိခင်ဖြစ်သူက အဖေဘာ |

ကြောင့်မပြန်လာသေးတာလဲဟု သားဖြစ်သူအား မေးမြန်းခဲ့သည်။ ထို့နောက် သားဖြစ်သူသည် မိခင်အား ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်သည်။

မိုးချုပ်လုနေပြီးဖြစ်သည့်အတွက် ရွာသားများသည် စောရ---အား သွားရောက်ရှာဖွေရန် ကြောက်ရွံ့ကြသည်။ အကြောင်းမှာ ဒေသအတွင်း မြေမြှုပ်မိုင်း၏အန္တရာယ်ကို စိုးရိမ်ရသောကြောင့်ဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် (ဝ---ကျေးရွာမှ) ရွာသားများသည် ဒေသခံခေါင်းဆောင်များကို (KNU) ခေါ်ယူ၍ ၎င်းတို့နှင့်အတူလိုက်သွားပြီး စောရ---၏အလောင်းကို ပြန်လည်ရယူခဲ့သည်။ ထို့နောက် ရွာသားများသည် SAC စစ် သားများအခြေစိုက်ခဲ့သည့်နေရာတစ်ဝိုက်တွင် ကွင်းတူး၍ စောရ---၏အလောင်းကို မြှုပ်နှံခဲ့သည်။

စောရ---မှာ စုစုပေါင်းသားသမီး (၈) ဦးရှိသည်။ သား (၄) ဦးနှင့်သမီး (၄) လေးဦးဖြစ်သည်။ ၎င်းသားသမီးများသည် ငယ်ရွယ်သေးပါသည်။ စောရ---သည် တောင်ယာလုပ်ကိုင်ပြီး လုံလောက်သည့်ကောက်ပဲသီးနှံများ ထွက်ရှိအောင် ကြိုးစားရုန်းကန်နေရသောကြောင့် ငွေကြေးအခက်အခဲများနှင့်ရင်ဆိုင်ကြုံတွေ့ရသည်။ ထိုအတွက်ကြောင့် စောရ---သည် မြေမြှုပ်မိုင်းအန္တရာယ်ရှိသည့်နေရာသို့ အကြောက်တရားနှင့်သွား၍ ကြောင်လျှာ သီးများသွားရောက်ရှာဖွေခဲ့သည်။ ထိုဒေသအတွင်း မြေမြှုပ်မိုင်းအန္တရာယ်ရှိကြောင်း ဒေသခံ KNU အာဏာပိုင်များက ရွာသားများအား နှုတ်ဖြင့်သတိပေးခြင်းများရှိသော်လည်း စောရ---အနေဖြင့် စားနပ်ရိက္ခာပြတ်လပ်မှုနှင့်ကြုံတွေ့ရသည့်အတွက် အန္တရာယ်ရှိသည့်ကြားက အပြင်သို့ထွက်၍ ကြောင်လျှာသီးများရှာဖွေရန်လိုအပ်လာပါသည်။ စောရ---တို့မိသားစုသည် တောင်ယာလုပ်ကိုင်၍ စားဝတ်နေရေးအတွက်အဆင်ပြေရုံလောက်သာရှိသော်လည်း လုံလောက်သည့်ဆန်စပါးအား မရရှိကြပါ။ ထို့ကြောင့် ၎င်းမိသားစုသည် ဆန်စပါးရရှိရန် နှစ်တိုင်းလိုလို အခက်အခဲများနှင့်ကြုံတွေ့ရသည်။ ဝင်ငွေပုံမှန်မရှိသည့်အတွက် စောရ---တို့မိသားစုသည် အခြေခံလိုအပ်သည့်စားနပ်ရိက္ခာများဖြစ်သော ဆန်၊ ဆီ၊ ဆားနှင့်အချိုမှုန့်များကို ဝယ်စားနိုင်ရန် ရုန်းကန်နေရသည်။

စောရ---သေဆုံးပြီးနောက်တွင် ၎င်းမိသားစုအတွက် ဆန်တစ်ပုံးသာ ကျန်ရှိခဲ့သည်။ အကယ်၍ဆန်တစ်ပုံးကုန်သွားမည်ဆိုလျှင် မိသားစုသည် ဒုက္ခရောက်ပြီးဖြစ်သည်။ နော်က---က ယခုလိုရှင်းပြသည်။ *"အိမ်အတွက် ကျွန်မတို့မှာစားစရာလည်းသိပ်မရှိတော့ဘူး။ ရှိတဲ့ပိုက်ဆံလည်း ကုန်တော့မယ်။ ကျွန်မရဲ့အမျိုးသားသေဆုံးသွားတော့ ကျွန်မတို့တွေ ဘာနဲ့သွားစားရမလဲ။ (...) အခုလိုကျွန်မအမျိုးသားသေဆုံးသွားတော့ သားသမီးအတွက် ကျွန်မအလုပ်လုပ်ရတော့မယ်။ ကျွန်မသားသမီးတွေငယ်သေးတယ်။ ကျွန်မအနေနဲ့အလုပ်ကောင်း ကောင်းမလုပ်နိုင်ဘူးထင်တယ်။ ဘာအလုပ်လုပ်ရမလဲမသိဘူး။ သားသမီးတွေငယ်သေးတဲ့အတွက် ကျွန်မအနေနဲ့အပြင်ထွက်ပြီး အလုပ်လုပ်ဖို့ မလွယ်ဘူးလေ။"*

စောရ---သေဆုံးသွားပြီးနောက် ၎င်းမိသားစုသည် မာထောကျေးရွာအုပ်စု၊ ဗ---ကျေးရွာဒေသတွင်းရှိ တောထဲတွင်နေထိုင်သော နော်က---၏မိခင်နှင့်အတူ သွားရောက်နေထိုင်ခဲ့သည်။ ယခုအချိန်တွင် စောရ---၏မိသားစုတွင် စားဝတ်နေရေးအတွက် ထောက်ပံ့ပေးနိုင်သည့်အမျိုးသားလူကြီးများမရှိတော့ပေ။ ထို့ကြောင့် နော်က---အတွက် အခက်အခဲများရှိလာသည်။ နော်က---၏အမျိုးသားသေဆုံးသွားသည့်အတွက် သူမအနေဖြင့် အမှန်တကယ်ကူညီထောက်ပံ့မှုများလိုအပ်နေသည်။ သို့သော်လည်း သူမ၏မောင်နှမများသည် အရမ်းဆင်းရဲသည့်အတွက် သူမအား ကူညီ

ထောက်ပံ့နိုင်ခြင်းမရှိပေ။ နော်က---မှ ဤသို့ရှင်းပြသည်။ *"တောင်ယာမှာ အလုပ်မသွားလုပ်ရဲဘူး။ ဘာဖြစ်လို့ဆိုတော့ မြန်မာစစ်တပ်စခန်းနဲ့အရမ်းနီးတယ်လေ။ (...) မည်သူမှလည်း စားစရာလုံလုံလောက်လောက်မရှိဘူး။ သူတို့လည်း (ရွာသားများ) ရုန်းကန်နေရတယ်။ အခုချိန်မှာ ဆန်တစ်အိတ်ဆိုရင် ၁၈၀၀၀၀ ကျပ်ရှိသွားပြီး။ သူတို့တွေ (ရွာသားများ) ဆန်ဝယ်ဖို့ပိုက်ဆံမတတ်နိုင်ရင် ဆန်ချေးယူ ပြီးစားနေရတယ်။ ကျွန်မအနေနဲ့ သူများဆီက ဆန်ချေးယူရမှာကြောက်တယ်။ ဘာဖြစ်လို့ဆိုလဲဆိုတော့ သူတို့လည်းမရှိကြလေ။ အခုချိန်မှာ ရွာသားတွေ ထွက်ပြေးတိမ်းရှောင်နေရတယ်။ သူတို့မှာ ဆန်မရှိဘူး။"* နော်က---၏သားသမီးများသည် အလုပ်လုပ်ရန် အရမ်းငယ်သေးသည်။

စောရ---သေဆုံးပြီးနောက် (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအထိ) ၎င်းမိသားစုသည် ဒေသခံခေါင်းဆောင်များနှင့်မည်သည့်အဖွဲ့အစည်းထံမှ ကူညီထောက်ပံ့မှုများမရရှိခဲ့ပေ။ ဤအခြေအနေနှင့်ပတ်သက်၍ နော်က---မှ ယခုလိုရှင်းပြသည်။ *"ကျွန်မတို့တွေ အခက်အခဲများနဲ့ကြုံတွေ့နေရတယ်။ ပြီးတော့ ဘာအလုပ်မှလဲ မလုပ်နိုင်ဘူး။ ကျွန်မတို့ကို ကူညီမဲ့လူတွေရှိရင် အရမ်းပျော်မိမှာ။ ကျွန်မတို့က ဒီမှာပဲနေတယ်။ ဘာအလုပ်မှ ထွေထွေထူးထူးမရှိဘူး။"*

ဝ---ကျေးရွာတွင်နေထိုင်ကြသည့်ရွာသားများသည် အဓိကအားဖြင့် တောင်ယာလုပ်ငန်းနှင့် ကျွဲ၊ နွား၊ ဝက်၊ ကြက်များကိုမွေးမြူ၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုမဖြစ်ပွားမီတွင် ရွာသားအများစုသည် သစ်၊ ဝါးများခုတ်၍ ရောင်းရသည့်ငွေဖြင့် အသက်မွေးကြသည်။ သို့သော်လည်း ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက်တွင် သစ်၊ ဝါးများခုတ်သည့်လုပ်ငန်းကို လုပ်ကိုင်၍မရနိုင်တော့ပဲ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရသည်။ ဝ---ကျေးရွာသည် မာထောကျေးရွာအုပ်စုအတွင်းရှိ SAC တပ်စခန်းအနီးနားတွင် တည်ရှိသည်။ ထို့ကြောင့် ရွာသားများသည် လမ်းမအနီးရှိ ၎င်းတို့လယ်ယာထဲတွင် အလုပ်သွားလုပ်ရန် ကြောက်ရွံ့ကြသည်။



ဤပုံကို မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ ဗ--- ကျေးရွာတွင်နေထိုင်သော သေဆုံးသူစောရ---၏မိသားစုဝင်တစ်ဦးထံမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လက်ခံရရှိခဲ့သည်။ ပုံတွင် ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စု၊ သဝါးခိုလိုးဒေသရှိ ဟ---တံတားအနီး အ---နေရာတွင် ကြောင်လျှာသီးသွားရှာနေသော စောရ---သည် မြေမြှုပ်မိုင်းပေါက်ကွဲ၍ ၎င်းအားထိမှန်ပြီး ပွဲချင်းပြီးသေဆုံးသွားသည့်အခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- ဒေသခံရွာသား)*

# အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
|---|
| မြေမြှုပ်မိုင်းထိမှန်သည့်ရွာသား၏ဇနီးဖြစ်သူ နော်က---နှင့်ဝ---ကျေးရွာအုပ်ချုပ်ရေးမှူးတို့သည် ဤသတင်းအကြောင်းအရာများကို ရေးသားဖြန့်ဝေရန် ခွင့်ပြုချက်ပေးထားပါသည်။ |

### ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။